# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 25 , 2023 | Volume 62, Number 17


| ၂၅.၁.၂၀၂၃ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၅၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၉.၇၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၉၀.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၈၃.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၇၃.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၅၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၇၁၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၇၀.၁၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၀.၀၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၉၆၆ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ဖျာပုံမြို့နယ်ထွက် အုန်းသီးအနုများ ပြည်ပဈေးကွက်သို့ ပြန်လည်တင်ပို့နေရသဖြင့် ဝယ်လိုအားကောင်းပြီး ဈေးကောင်းရရှိနေ



https://www.myawady.net.mm/node/35823

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်ထွက် အုန်းသီးအနုများကို ပြည်ပဈေးကွက်သို့ ပြန်လည်တင်ပို့နေရသဖြင့် ဝယ်လိုအားကောင်းပြီး ဈေးကောင်းရရှိနေကြောင်း ဖျာပုံမြို့နယ်မှ အုန်းသီး ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဦးငွေးဝင်း၏ ပြောကြားချက်အရ သိရသည်။

ဖျာပုံမြို့နယ်၌ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်းက အုန်းသီးအနုအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၃၀၀၀၀ သာဈေးရရှိခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ အုန်းသီး အနုအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၆၅၀၀၀ အထိ ဈေးကောင်းရရှိလာကာ အဆိုပါ အုန်းသီးအနုများကို ပြည်တွင်းပြည်ပဈေးကွက် သို့ ပြန်လည်တင်ပို့နေရခြင်း ကြောင့် ဈေးကောင်းရရှိခြင်းဖြစ်သည်။

ဖျာပုံမြို့နယ်က ဧရာဝတီမြစ်ဝကျွန်း ပေါ်မှာတည်ရှိပြီး အုန်းသီးထွက်တဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ အရင်နှစ်တွေက ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ပြည်ပအုန်းသီးဈေးကွက် ပျက်ခဲ့ရတယ်။ ဒီနှစ် ပြည်ပကို ပြန်လည်တင်ပို့ခွင့်ရလာလို့ အုန်းသီးဈေးကောင်းလာတာပါ။

အုန်းသီးတွေကို အနုသီးရော အရင့်သီးပါ တင်ပို့ရောင်းချနေရပြီး လက်ရှိအနုသီးတွေက ပိုအဝယ်လိုက်နေပါတယ်။ အုန်းသီး ဈေးကလည်းကောင်းလာသလိုအသီးရင့်တဲ့အထိ မစောင့်ရဘဲ ငွေရလို့စိုက်တဲ့သူတွေ အဆင်ပြေနေပါတယ်။ ပုံမှန်အဝယ်ရှိနေပေမယ့် ဒီလပထမပတ်ကနေစပြီး အုန်းသီးအနုတွေ ဝယ်လိုအားတက်လာတာပါ။ အုန်းသီးတွေကို ဖျာပုံမြို့နယ်ကနေ ရန်ကုန်၊ ရန်ကုန်ကနေတစ်ဆင့် ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်ဟု ဦးငွေးဝင်းကပြောသည်။

ဖျာပုံမြို့နယ်မှထွက်ရှိသည့် အုန်းသီးအနုများကို ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှ ပွဲရုံများက စနစ်တကျရွေးချယ်ထုပ်ပိုးပြီး ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်နှင့်ထိုင်းနိုင်ငံတို့သို့ အဓိကတင်ပို့လျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/35823

## လွယ်ဂျယ်နှင့်ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်မှ ၂၀ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၅၉၆၈၃၅၅ ဒသမ ၅၈ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၇၁၈၃၁၉ ဒသမ ၇ ကန်ဒေါ်လာတင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဆန်၊ ကြံ၊ မြေထောက်ပဲ၊ ပဲယင်း၊ ဖရဲသီး၊ Aluminium Ingot၊ ငရုတ်သီး၊ ရွှေဖရုံသီးနှင့် ဆန်ကွဲများ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၂၂၅၀၆၆၀ ဒသမ ၄၅ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၃၇၁၇၆၉၅ ဒသမ ၁၃ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ လယ်ထွန်စက်များ၊ ကုန်ထုတ်စက္ကူများ၊ ဆေးဝါးပစ္စည်းများ၊ ပလပ်စတစ် ကုန်ကြမ်းပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ ချည်ထည်များ၊ ဓါတ်မြေသြဇာများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များ၊ သံပိုက်၊ မြက်ခင်းတု၊ ကားတာယာ၊ Empty Cargo Container 45’ Feet နှင့် ပလပ်စတစ်ခြင်းတောင်းများ တင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၁၉၃၁၈၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၅၂၅၁၃၉ ဒသမ ၇ တင်သွင်းမှု ရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၂၃ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၉ ဒသမ ၅၉ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနေ့ခြေကုန်သွယ်မှုဇဟိုဌာန**

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုတစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့မှ ၂၀ ရက်နေ့အတွင်း ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ဆန်၊ ကြံ၊ မြေထောက်ပဲ၊ ပဲယင်း၊ ဖရဲသီး၊ Aluminium Ingot၊ ငရုတ်သီး၊ ရွှေဖရုံသီးနှင့် ဆန်ကွဲများ တင်ပို့ခဲ့ပြီး ပို့ကုန်၏ငွေပမာဏမှာ ၅၉၆၈၃၅၅ ဒသမ ၅၈ ကန်ဒေါ်လာတင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့မှ ၁၃ ရက်နေ့ထိ တင်ပို့ကုန်၏ ငွေပမာဏ ၅၂၄၁၃၆၄ ဒသမ ၈၉ ကန်ဒေါ်လာနှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၇၂၆၉၉၀ ဒသမ ၆၉ ကန်ဒေါ်လာ တန်ဖိုးပိုမို၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့မှ ၂၀ ရက်နေ့ အတွင်း လယ်ထွန်စက်များ၊ ကုန်ထုတ်စက္ကူများ၊ ဆေးဝါးပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ ချည်ထည်များ၊ ဓါတ်မြေသြဇာများ၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များ၊ သံပိုက်၊ မြက်ခင်းတု၊ ကားတာယာ၊ Empty Cargo Container 45’ Feet နှင့် ပလပ်စတစ်ခြင်းတောင်းများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ၇၁၈၃၁၉ ဒသမ ၇ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့ မှ ၁၃ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏ ၆၃၁၁၆၉ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၈၇၁၅၀ ဒသမ ၇ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့် တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏ မှာ ၅၂၅၀၀၃၅ ဒသမ ၈၈ ကန်ဒေါ်လာပိုမိုပြီး ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၂၃ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၉ ဒသမ ၅၉ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနေ့ခြေကုန်သွယ်မှုဇဟိုဌာန**

## ပြည်တွင်းနှမ်း ရှားလာသည့်အတွက် နှမ်းဈေးကောင်း




ပြည်တွင်း၌ နှမ်းလက်ကျန် နည်းလာသည့်အပြင် အရည်သွေးကောင်းသောနှမ်း ရှားပါးလာသည့်အတွက် နှမ်းတွေဈေးပြန်ကောင်းလာကြောင်း ကုန်သည်များထံမှ သိရသည်။

လက်ရှိ နှမ်းဈေးကွက်တွင် အက်စစ်အောင်သည့် နှမ်းများသာ အဓိကထား အရောင်းဝယ်ဖြစ်နေပြီး အက်စစ်အောင်သည့် နှမ်းမှာလည်း လက်ရှိဈေးကွက်တွင် ရှားနေကြောင်း ဈေးကွက်မှသိရသည်။ "တရုတ်က ပြန်ဖွင့်ပြီဆိုတော့ နယ်စပ်ကလဲပို့တယ် ၊ ပင်လယ်ရေကြောင်းကလဲပို့တယ်။ ဂျပန်လည်းပို့နေတယ်ဆိုတော့ ပြည်တွင်းစိုက်နိုင်တဲ့အနေအထားနဲ့ ပြည်ပ market နဲ့ မမျှဘူး စိုက်နိုင်တာနည်းတယ်။ လက်ကျန်နည်းနေတော့ လိုချင်တာမရသလိုဖြစ်နေတယ်။

တောင်သူတွေစိုက်ကြပေမဲ့ ရာသီဥတုအနေအထားကော ၊ တိုင်းရေးပြည်ရေးအခြေအနေကြောင့် ကယားဘက်ကစိုက်တဲ့နှမ်းတွေဆို ဈေးကွက်ထဲ မသယ်နိုင်ကြဘူး။ မရောက်လာကြဘူး။ လိုအပ်သလောက်မရတော့ ဈေးကတက်နေတာပေါ့" ဟု နှမ်း exporter တစ်ဦးက ပြောသည်။

လက်ရှိ ၄၅ ပိဿာဝင် တစ်အိတ်လျှင် အောင်လံဈေး ၂ သိန်း ၉ သောင်းရှိပြီး ၊ မန္တလေးဈေး ၃သိန်းခန့်ရှိပြီး အရည်အသွေး၊ အချိန်နှင့်နေရာလိုက်၍ ဈေးနှုန်းများ ပြောင်းလဲနိုင်ကြောင်းလည်း ကုန်သည်များက ပြောသည်။

လက်ရှိဈေးမှာ ပြီးခဲ့သည့် နှစ်များနှင့်ယှဉ်ရင် ထက်ဝက်ခန့်မြင့်တက်နေပြီး အရည်သွေးမှီနှမ်းထွက်သည့် တောင်သူများအနေဖြင့် တွက်ခြေကိုက်နိုင်သော်လည်း သွင်းအားစုများ ဈေးမြင့်တက်မှုကြောင့် သွင်းအားစုများ လျော့ချ စိုက်ပျိုးမှုများက ပြည်ပတင်ပို့ရန် အရေးအသွေးမှီသည့် နှမ်းများ မရရှိကြောင်းသိရသည်။

ထို့အပြင် တရုတ်နိုင်ငံမှ နှမ်းနက်များအား အဝယ်လိုက်နေ၍ ဈေးကွက်တွင် ဝယ်လိုအားများပြီး ဈေးမြင့်တက်လာခြင်းဖြစ်ကြောင်း နှမ်းကုန်သည်များက သုံးသပ်ကြသည်။ "ကြားထဲမှာတော့ နှမ်းတစ်မျိုးထွက်ဖို့တော့ရှိတယ်၊ နွေနှမ်း ပေါ်အုံးမယ်။ ဈေးကျတာက အက်စစ်မအောင်တဲ့ နှမ်းတွေကျတာပါ သူတို့က ၂ သိန်း ၆ သောင်းလောက်ပဲရှိတယ် " ဟု အောင်လံကုန်စည်ဒိုင်မှ ဦးအောင်မိုးကပြောသည်။

ပင်လယ်ရေကြောင်းမှ တင်ပို့ရာတွင် ကုန်ကျစရိတ်ပိုမိုများသော်လည်း သင်္ဘောရှာကာ ငှါးရရာတွင် အခက်ခဲများသိပ်မရှိတော့ကြောင်း exporter များက ဆိုသည်။

နောက်ပိုင်းတွင်လည်း တရုတ်ကလိုအပ်ချက်များနေပြီး တခြားနိုင်ငံများတွင်လည်း နှမ်းအဝင်နည်းသောကြောင့် နှမ်းဈေးကွက် မအေးနိုင်ကြောင်း၊ ဈေးနှုန်းထပ်မံမြင့်ကာ ဈေးကောင်းရနိုင်ကြောင်း exporters များက သုံးသပ်ပြောဆိုသည်။

ပြည်တွင်းတွင် ပုံမှန်နှမ်းထွက်ရှိမှုနှုန်းမှာ တစ်နှစ်လျှင် တန်ချိန် ၆ သိန်းမှ ၈ သိန်းထိ ထွက်လေ့ရှိပြီး နိုင်ငံရေးအခြေအနေများနှင့် ရာသီဥတုဖောက်ပြန်မှုကြောင့် ထွက်နှုန်းလည်းလျော့နည်းလျက်ရှိကြောင်းသိရသည်။

မြန်မာ့နှမ်းကို တရုတ်၊ ကိုရီးယား၊ ဂျပန်၊ စင်ကာပူနှင့် ထိုင်ဝမ်တို့ကိုလည်း တင်ပို့လေ့ရှိပြီး တရုတ်နိုင်ငံ တခုတည်းသာ အားထားတင်ပို့နေရကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နှမ်းကို ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် အများအပြား စိုက်ပျိုးလျက်ရှိ ကြောင်းသိရသည်။

**AMIA**

**Source:** https://t.me/htwettoe

## ဆန်ဈေးနှုန်းများ တစ်ပတ်အတွင်း နှစ်ကြိမ်ဆက်တက်

ရန်ကုန်၊ ဝါးတန်းဆန်ဈေးကွက်မှာ အမြင့်ဈေးနဲ့အချိန်အတော်ကြာငြိမ်နေခဲ့တဲ့ ဆန်ဈေးတွေဟာ ပြီးခဲ့တဲ့အပတ် ဇန်နဝါရီ ၁၆ ရက်တုန်းက တစ်ကြိမ်တက်လာခဲ့သလို တစ်ပတ်အကြာ မနေ့က ဇန်နဝါရီ ၂၃ ရက်မှာလည်း နောက်ထပ်တစ်ကြိမ် ဈေးတွေထပ်တက်လာခဲ့ပါတယ်။

ပြီးခဲ့တဲ့အပတ်သောကြာ ဇန်နဝါရီ ၂၀ ရက်အထိ ဆန်အမျိုးအစားအနည်းငယ်ကလွဲလို့ နောက်ထပ်ထူးထူးခြားခြား ဈေးအပြောင်းအလဲမျိုး မရှိတော့တာဖြစ်ပေမဲ့ ဒီတစ်ပတ်ဈေးကွက်အဖွင့်ဖြစ်တဲ့ မနေ့ကစပြီး ဆန်အမျိုးအစားအားလုံး ဈေးထပ်တက်လာတာဖြစ်ပါတယ်။ ဒီနေ့ ဇန်နဝါရီ ၂၄ ရက်မှာတော့ ထပ်မတက်တော့ဘဲ မနေ့က ဈေးတွေအတိုင်းပဲ ဆက်ရှိနေပါတယ်။

ဇန်နဝါရီ ၁၆ ရက်ဈေးတက်တုန်းက ဧည့်မထဆန်(သစ်)နဲ့ ဧစိန်ဆန်(သစ်) တွေက ဈေးမတက်တာ၊ တောင်ပျံ(ဖျာပုံ – သစ်) နဲ့ ပေါ်ကျွဲ (ဖျာပုံ-သစ်) တွေ ဈေးအနည်းငယ်စီကျတာစသဖြင့် ခြွင်းချက်ရှိတာမျိုးတွေရှိခဲ့ပေမဲ့ မနေ့က ဈေးတက်မှုမှာတော့ ဆန်အမျိုးအစားအားလုံး ပါဝင်လာတာပါ။

ပြီးခဲ့တဲ့အပတ်အပိတ်ဈေး(ဇန်နဝါရီ ၂၀ ရက်ဈေး)နဲ့ယှဉ်ရင် ဘယ်လောက်အထိ ဈေးတွေတက်သွားတယ်ဆိုတာကိုတော့ အောက်ပါဇယားမှာ ကြည့်ရှုနိုင်ပါတယ်။ (တစ်တင်းခွဲတစ်အိတ် ဈေးနှုန်းတွေဖြစ်ပါတယ်)

| စဉ် | အမျိုးအစား | ဈေးကွက် | ၂၀.၁.၂၀၂၄ | ၂၄.၁.၂၀၂၄ |
|---|---|---|---|---|
| ၁ | ဆန် (ဖျာပုံပေါ်ဆန်းမွှေး)(သစ်) | ဝါးတန်း(ရန်ကုန်) | ၆၁၀၀၀ မှ ၆၃၀၀၀ | ၆၃၀၀၀ မှ ၆၅၀၀၀ |
| ၂ | ဆန်(ဒေးဒရဲပေါ်ဆန်းမွှေး)(သစ်) | ဝါးတန်း(ရန်ကုန်) | ၆၀၀၀၀ မှ ၆၃၀၀၀ | ၆၃၀၀၀ မှ ၆၅၀၀၀ |
| ၃ | ဆန်(မြောင်းမြပုသိမ်ပေါ်ဆန်းမွှေး)(သစ်) | ဝါးတန်း(ရန်ကုန်) | ၆၀၀၀၀ မှ ၆၅၀၀၀ | ၆၅၀၀၀ မှ ၆၇၀၀၀ |
| ၄ | ဆန်(ပေါ်ဆန်းနယ်စုံသစ်)(သစ်) | ဝါးတန်း(ရန်ကုန်) | ၅၉၀၀၀ မှ ၆၁၀၀၀ | ၆၁၀၀၀ မှ ၆၃၀၀၀ |
| ၅ | ဆန်(ဧည့်မထ)(သစ်) | ဝါးတန်း(ရန်ကုန်) | ၄၂၅၀၀ မှ ၄၄၀၀၀ | ၄၅၀၀၀ မှ ၄၆၀၀၀ |
| ၆ | ဆန်(ဧစိန်)(သစ်) | ဝါးတန်း(ရန်ကုန်) | ၄၂၀၀၀ မှ ၄၃၅၀၀ | ၄၄၅၀၀ မှ ၄၅၅၀၀ |
| ၇ | ဆန်(မြို့ဒုံး)(သစ်) | ဝါးတန်း(ရန်ကုန်) | ၄၈၀၀၀ မှ ၅၀၀၀၀ | ၅၁၀၀၀ မှ ၅၃၀၀၀ |
| ၈ | ဆန်(ရွှေဘိုပေါ်ဆန်း) (သစ်) | ဝါးတန်း(ရန်ကုန်) | ၇၃၀၀၀ မှ ၈၀၀၀၀ | ၇၈၀၀၀ မှ ၈၄၀၀၀ |
| ၉ | ဆန်(ဧည့်မထ ၂၅%)(သစ်) | ဝါးတန်း(ရန်ကုန်) | ၄၂၅၀၀ မှ ၄၃၅၀၀ | ၄၃၀၀၀ မှ ၄၄၀၀၀ |
| ၁၀ | ဆန်(ရက် ၉၀ ရှယ်)(သစ်) | ဝါးတန်း(ရန်ကုန်) | ၄၅၅၀၀ မှ ၄၇၀၀၀ | ၄၈၀၀၀ မှ ၄၉၀၀၀ |
| ၁၁ | ဆန်(သီးထပ်)(ဟောင်း) | ဝါးတန်း(ရန်ကုန်) | ၄၈၀၀၀ မှ ၄၈၅၀၀ | ၄၈၀၀၀ မှ ၄၉၀၀၀ |
| ၁၂ | ကြာပျံရှယ်(သစ်) | ဝါးတန်း(ရန်ကုန်) | ၆၃၀၀၀ မှ ၆၇၀၀၀ | ၆၇၀၀၀ မှ ၇၀၀၀၀ |
| ၁၃ | ပေါ်ဆန်းရှယ်(သစ်) | ဝါးတန်း(ရန်ကုန်) | ၅၉၀၀၀ မှ ၆၄၀၀၀ | ၆၁၀၀၀ မှ ၆၃၀၀၀ |
| ၁၄ | တောင်ပျံ(ဖျာပုံ)(သစ်) | ဝါးတန်း(ရန်ကုန်) | ၆၅၀၀၀ မှ ၇၀၀၀၀ | ၇၀၀၀၀ မှ ၇၃၀၀၀ |
| ၁၅ | ပေါ်ကျွဲ(ဖျာပုံ)(သစ်) | ဝါးတန်း(ရန်ကုန်) | ၄၈၀၀၀ မှ ၅၀၀၀၀ | ၅၀၀၀၀ မှ ၅၅၀၀၀ |
| ၁၆ | တောင်ပျံ(မော်ကျွန်း)(သစ်) | ဝါးတန်း(ရန်ကုန်) | ၆၀၀၀၀ မှ ၆၃၀၀၀ | ၆၅၀၀၀ မှ ၆၈၀၀၀ |
| ၁၇ | ပေါ်ကျွဲ(မော်ကျွန်း) (သစ်) | ဝါးတန်း(ရန်ကုန်) | ၄၇၀၀၀ မှ ၅၀၀၀၀ | ၄၈၀၀၀ မှ ၅၃၀၀၀ |

https://greenwaymyanmar.com

နယ်စပ်စခန်းတွေပြန်ဖွင့်လာတာကြောင့် ဆန်တင်ပို့မှုမှာ ပိုမြင့်တက်လာနိုင်ပြီး ဈေးထပ်တက်နိုင်ဦးမယ်လို့ ဆန်ကုန်သည်တွေ ခန့်မှန်းထားမှုကတော့ ပြီးခဲ့တဲ့နှစ်ပတ်ခန့်ကတည်းက ရှိနေတာဖြစ်တယ်လို့ သိရပါတယ်။ (လယ်ယာစိုက်ပျိုးရေးနှင့်ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများနှင့် သုံးသပ်ချက်ကို အခြေခံဖော်ပြခြင်း ဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/Rice_Market_Prices_Jan_24

## ဧရာဝတီတိုင်းဒေသကြီး၌ ငရုတ်စိုက်ဧက ခုနစ်သောင်းကျော် စိုက်ပျိုးထားပြီး ပြည်တွင်းဈေးကွက်သို့ အဓိကထားတင်ပို့

ဧရာဝတီတိုင်းဒေသကြီး၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ငရုတ်စိုက်ဧက ခုနစ်သောင်းကျော် စိုက်ပျိုးထားပြီး ပြည်တွင်းဈေးကွက်သို့ အဓိကထားတင်ပို့လျက်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူသင်း၏ ပြောကြားချက်အရ သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် မိုးငရုတ် ၂၁၅၄ ဧကနှင့် ဆောင်းငရုတ်ဧက ၇၁၈၅၀ စုစုပေါင်း ၇၄၀၀၄ ဧက စိုက်ပျိုးထားကြောင်း သိရသည်။ "မိုးငရုတ်ကိုတော့ မိုးရာသီမှာ စိုက်ပျိုးပြီး ဆောင်းငရုတ်ကိုတော့ မိုးစပါးပြီးနောက်ပိုင်း စိုက်ပျိုးတာများတယ်။ ငရုတ်က အသီးစိမ်း ခူးတာဖြစ်တဲ့ အတွက် စိုက်ပြီး သိပ်မကြာဘူး တောက်လျှောက်ခူးရတယ်။ အပင်က တစ်ခါတည်းရင့်တာ မဟုတ်တော့ ရင့်လိုက်ခူးလိုက်နဲ့ ရွေးခူးရတယ်" ဟု ဒေါ်ဖြူဖြူသင်းက ပြောသည်။

အဆိုပါဒေသ၌ မိုးထောင်ငရုတ်များ အပြင် ငရုတ်ပွမျိုးများလည်း စိုက်ပျိုးလေ့ရှိကာ ငရုတ်အစို၊ ငရုတ်အခြောက်အဖြစ် ရောင်းချလေ့ရှိကြောင်း၊ ငရုတ်ကို နည်းစနစ် အမျိုးမျိုးဖြင့် စိုက်ပျိုးလေ့ရှိပြီး အဓိကအားဖြင့် ပျိုးပင်ပျိုး၍ စိုက်ပျိုးလေ့ရှိကြောင်း သိရသည်။ "တချို့က ငရုတ်ကို ပျိုးထောင်စိုက်ပျိုးကြတယ်။ သက်တမ်း ၁၅ ရက်ကနေ ရက် ၂၀ လောက်ဆို ပျိုးပင်ရွှေ့စိုက်တယ်။ သိပ်မကြာဘူး အသီးသီးတယ်။ အဓိကအနေနဲ့ ငရုတ်အစိုက ဈေးကောင်းရရှိတဲ့အတွက် အစိုပဲရောင်းကြတယ်။ တချို့လည်း အခြောက်ထားပြီး နည်းနည်းကြာမှ ခူးတယ်"ဟု ဒေါ်ဖြူဖြူသင်းကပြောသည်။

ရောဝတီတိုင်းဒေသကြီး၌ မိုးငရုတ်ကို ရေငန်ဝင်သည့် ဧရိယာများဖြစ်သည့် လပွတ္တာ၊ မြောင်းမြနှင့် ဖျာပုံခရိုင်တို့ရှိ မြို့နယ်များမှအပ ကျန်မြို့နယ်များ၌ စိုက်ပျိုးပြီး ဆောင်းငရုတ်ကို ဖျာပုံခရိုင်ရှိ ကျိုက်လတ်နှင့် ဒေးဒရဲမြို့နယ်များမှအပ ကျန်မြို့နယ်များ၌ စိုက်ပျိုးလေ့ရှိသည်။

ထို့ပြင် ဆောင်းငရုတ်ကို ရေငန်ဝင်သည့် ဧရိယာဖြစ်သည့် မြို့နယ်များ၌ အနည်းငယ်စိုက်ပျိုးပြီး ဈေးကွက်ရရှိမှုပေါ်မူတည်၍ စိုက်ကေအနည်းငယ် အတိုးအလျှော့ ပြုလုပ်စိုက်ပျိုးလေ့ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/35866

## ထိုင်ဝမ်သစ်သီးဝလံ ဂျပန် အများဆုံးတင်သွင်းပြီး တရုတ်နိုင်ငံ ပထမနေရာကို ရယူ



https://www.foodindustrydirectory.com.mm

ဂျပန်နိုင်ငံသည် ယခင်က တရုတ်နိုင်ငံမှ သစ်သီးဝလံများကို အများဆုံး တင်သွင်းခဲ့ရာမှ ယခုအခါ ထိုင်ဝမ်သစ်သီးဝလံကို အများဆုံး တင်သွင်းပါသည်။

ထိုင်ဝမ်မှ သစ်သီးဝလံ တင်ပို့မှု တန်ဖိုးစုစုပေါင်း၏ ၄၆ ဒသမ ၂ ရာခိုင်နှုန်းကို ဂျပန်နိုင်ငံသို့တင်ပို့ကြောင်း ထိုင်ဝမ်စိုက်ပျိုးရေးကောင်စီ၏ အချက်အလက်များအရ သိရသည်။ ထိုင်ဝမ်သည် လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း ၎င်း၏ ပို့ကုန်ဈေးကွက်များ ပြောင်းလဲလာကာ တရုတ်အစား အမေရိကန်နှင့် ဂျပန်တို့ ဆီသို့ ရွေ့လျားခဲ့သည်။ တရုတ်သည် အစဉ်အလာအားဖြင့် ထိုင်ဝမ်၏ စိုက်ပျိုးထုတ်ကုန် ၈၀ ရာခိုင်နှုန်းကျော်ကို တင်သွင်း ခဲ့သည်။ ပို့ကုန်ဦးတည်ချက်နိုင်ငံ အပြောင်းအရွှေ့ကို ထိရောက်စေရန် ထိုင်ဝမ်စိုက်ပျိုးရေးကောင်စီသည် ထိုင်ဝမ်သစ်သီးဝလံ ရောင်းချသည့် လမ်းဘေးအရောင်းစက်များ တပ်ဆင်ခြင်းကဲ့သို့သော ဂျပန်နိုင်ငံတွင် ဖြန့်ဖြူးရေးနည်းလမ်းသစ်များကို စီစဉ်လျက်ရှိသည်။

ဂျပန်စူပါမားကတ်အများစုသည် ည ၈ နာရီတွင်ပိတ်သောကြောင့် ည ၈ နာရီနောက်ပိုင်း ဝယ်ယူလိုသူများအတွက် ဈေးရောင်းစက်များ ထားရှိပေးထားရာ ထိုင်ဝမ်သစ်သီးဝလံရောင်းချသည့် ဈေးရောင်းစက်များ ထားရှိမည်ဖြစ်သည်။

တရုတ်၏ ထိုင်ဝမ် စိုက်ပျိုးရေး ထွက်ကုန်များ၊ အရက်နှင့်ပင်လယ်စာများ တင်သွင်းမှုအားလုံးနီးပါးကို ရပ်ဆိုင်းလိုက်သဖြင့် ထိုင်ဝမ်သည် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံကို ပိုမိုအာရုံစိုက်လာခဲ့သည်။ ဂျပန်သည် ထိုင်ဝမ်မှ ကျွဲကော်သီးများနှင့် အခြားသစ်သီးဝလံများ ၉၃ တန် တင်သွင်းခဲ့သည်ဟု ထိုင်ဝမ်စိုက်ပျိုးရေးကောင်စီက ပြောကြားသည်။ ၂၀၂၂ တွင် ဂျပန်သည် ထိုင်ဝမ်မှ နာနတ်သီး ကန်ဒေါ်လာ ၂၄.၀၅ သန်းဖိုး တင်သွင်းခဲ့သည်။ ဂျပန်သို့လက်ဖက်ခြောက် တင်ပို့သည့် ပမာဏ မြင့်တက်ခဲ့သည်။ တန်ချိန် ၆၀၀ တင်ပို့ခဲ့သည်။ ပဲပုပ်ဆီ ၁၀,၂၃၈ တန် တင်ပို့ခဲ့သည်။ တန်ဖိုးမှာ ကန်ဒေါ်လာ ၁၅.၆၁ သန်းဖိုး ဖြစ်သည်။

ထိုင်ဝမ် စိုက်ပျိုးရေးကောင်စီ၏ နိုင်ငံတကာဌာနခွဲသည် မကြာသေးမီက ဂျပန်မှစိုက်ပျိုးထုတ်ကုန် ထုတ်လုပ်ရေး ကွင်းဆက်လုပ်ငန်း Wismettac Foods နှင့် သဘောတူညီချက်တစ်ခု လက်မှတ်ရေးထိုးခဲ့သည်။ လတ်ဆတ်နာနတ်သီး တန် ၃,၅၀၀ ၊ အေးခဲ နာနတ်သီး တန် ၁၀၀ ၊ ငှက်ပျောသီး တန် ၁,၅၀၀ တို့ကို ထိုင်ဝမ်မှ တင်ပို့ပေးရမည်ဖြစ်သည်။ အမေရိကန်သို့ ထိုင်ဝမ်မှ စိုက်ပျိုးထုတ်ကုန် စုစုပေါင်းတန်ဖိုး ကန်ဒေါ်လာ ၄.၆၅ ဘီလီယံ တင်ပို့ခဲ့သည်။

ပဲပိစပ်အပါအဝင် ဆီထွက်အစေ့အဆန်များ အမေရိကန်ဒေါ်လာ ၁.၇၁ ဘီလီယံဖိုးကို အမေရိကန်ထံမှ ထိုင်ဝမ် တင်သွင်းခဲ့သည်။ ယခင်က ရုရှားထံဝယ်ယူခဲ့ပြီး ယခုအခါ အမေရိကန်ထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။ ထိုင်ဝမ်သည် ပြီးခဲ့သောနှစ်တွင် အမေရိကန်မှ ကန်ဒေါ်လာ ၂.၁ ဘီလီယံတန်ဖိုးရှိ ကြက်သားများကို တင်သွင်းခဲ့ပါသည်။

Source: taipeitimes

https://www.foodindustrydirectory.com.mm/food-industry/cuisine/japan/item/5655-taiwan-fruits.html

## မျက်နှာပြင်မကွဲနိုင်တဲ့ ကွေးညွတ်စမတ်ဖုန်းနည်းပညာ အက်ပဲ မူပိုင်ခွင့်တင်



https://t.me/sdtimedaily

အမေရိကန်အခြေစိုက် နည်းပညာကုမ္ပဏီကြီးဖြစ်တဲ့ အက်ပဲဟာ လက်ရှိအချိန်အထိ ကွေးညွတ်စမတ်ဖုန်းထုတ်လုပ်ခြင်းမရှိသေးပေမယ့် စမတ်ဖုန်းမျက်နှာပြင်မကွဲနိုင်တဲ့ ကွေးညွတ်စမတ်ဖုန်းနည်းပညာကို မူပိုင်ခွင့်တင်လိုက်ပြီဖြစ်ပါတယ်။

ဒီနည်းပညာကို မူပိုင်ခွင့်တင်တာနဲ့ပတ်သက်ပြီး US Patent and Trademark ဌာနကလည်း အတည်ပြုထားပြီး ဒါဟာ အက်ပဲအနေနဲ့ ကွေးညွတ်စမတ်ဖုန်းနည်းပညာသုံးဖုန်းတွေ ထုတ်လုပ်ဖို့ပြင်ဆင်နေသလို နည်းပညာဆိုင်ရာ ခြေတစ်လှမ်းအသာရဖို့ လုပ်ဆောင်လိုက်တာဖြစ်ပါတယ်။

အဆင့်မြင့်နည်းပညာစမတ်ဖုန်းမျက်နှာပြင်မကွဲစေဖို့အတွက် အက်ပဲရဲ့နည်းပညာမှာ Thinfilm Transistor Layar အပါအဝင် မျက်နှာပြင်ဆိုင်ရာ အဆင့်မြင့်နည်းပညာတွေ ထည့်သွင်းထားတယ်လို့ သတင်းရင်းမြစ်တွေက ပြောပါတယ်။

အက်ပဲရဲ့ နည်းပညာပြိုင်ဘက်ဖြစ်တဲ့ ဂူဂဲလ်ကလည်း သူ့ရဲ့ကွေးညွတ်စမတ်ဖုန်း Pixel Foldable ကို ဒီနှစ်ကုန်မှာ ရောင်းချသွားဖို့ စီစဉ်နေတာကြောင့် အက်ပဲဟာလည်း ကွေးညွတ်စမတ်ဖုန်းတစ်မျိုးမျိုးကို မျှားမကြာခင် ထုတ်လုပ်သွားဖို့ ရှိနေတယ်လို့ သတင်းတွေကဖော်ပြထားပါတယ်။

**Source:** https://t.me/sdtimedaily

## STOCK EXCHANGE (25.1.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 25th Jan. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,130 (Shares) | 4,002,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +100 | +1.18% | 8,600 | 8,600 | 8,600 | 85 | 731,000 | 33,109,694 | 284,743 |
| MTSH | 00002 | 3,250 | +50 | +1.56% | 3,200 | 3,250 | 3,200 | 101 | 328,200 | 38,929,150 | 126,520 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 55 | 412,500 | 10,400,986 | 78,008 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 588 | 1,058,400 | 24,720,530 | 44,497 |
| TMH | 00005 | 2,650 | +50 | +1.92% | 2,650 | 2,650 | 2,650 | 1 | 2,650 | 12,823,224 | 33,982 |
| EFR | 00006 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 19,977,223 | 52,940 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 300 | 1,470,000 | 10,497,598 | 51,438 |

### Market summary

As of 25th Jan. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 386.36 | +3.39 | +0.89% | 383.34 | 386.36 | 383.34 | 1,130 | 4,002,750 | 7 | 672,128 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 1:00 pm, 25th Jan. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,130 (Shares) | 4,002,750 (MMK) |

| MYANPIX | 386.36 ▲ 3.39 |
|---|---|
| Total Volume (shares) | 1,130 |
| Total Value (MMK) | 4 mil |
| Listed Company | 7 |
| Market Cap. (MMK) | 672,128 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 100 |
| MTSH | 00002 | 3,250 | ▲ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 50 |
| EFR | 00006 | 2,650 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |

TIR